# Twelth Sunday in Ordinary Time

## 1st READING: *Zechariah 12:10-11; 13:1*

ကျေးဇူးတော်ကိုခံသောသဘော၊ဆုတောင်းပဌနာပြုသောသဘောကိုဒါဝိဒ်မင်းမျိုး၊ယေရုရှလင်မြို့သားတို့အပေါ်သို့ငါသွန်းလောင်းသဖြင့်၊ သူတို့သည်မိမိတို့ထိုးဖောက်သောငါ့ကိုရှုမြင်ရကြလိမ့်မည်။ တယောက်တည်းသောသားအတွက်အဘသည်ငိုကြွေးမြည်တမ်းသကဲ့သို့၊ ထိုသူအတွက်ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ သားဦးအတွက်အဘသည်နာကြည်းသကဲ့သို့နာကြည်းရကြလိမ့်မည်။ မေဂိဒ္ဒေါချိုင့်တွင်ဟာဒဒြိမ္မုန်မြို့မှာငိုကြွေးမြည်တမ်းသကဲ့သို့၊ ထိုကာလ၌ယေရုရှလင်မြို့မှာကြီးစွာသော ငိုကြွေးမြည်တမ်းခြင်းရှိလိမ့်မည်။ ထိုကာလ၌ဒါဝိဒ်မင်းမျိုးနှင့်ယေရုရှလင်မြို့သားတို့၏ဒုစရိုက်အပြစ်အညစ်အကြေးကိုဆေးကြောစရာဘို့၊ စမ်းရေတွင်းသည်ပွင့်လျက်ရှိလိမ့်မည်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**Responsorial Psalm Psalms 63: 2, 3-4, 5-6, 8-9,**
**ဆာလံကျမ်း ၆၃**

**သံပြိုင်။** ။ တပည့်တော်၏ ဝိညာဉ်သည် ကိုယ်တော်ကိုဆာငတ်ပါ၏။

**၁။** ။ အိုထာဝရဘုရား၊ ကိုယ်တော်သည်တပည့်တော်၏ဘုရားသခင်ဖြစ်ပါ၏။ တပည့်တော်သည်ကိုယ်တော်၌ စိတ်အားထက်သန်စွာရှိပါ၏။ တပည့်တော်၏ ဝိညာဉ်သည် ကိုယ်တော်ကိုဆာငတ်ပါ၏။ တပည့်တော်၏ကိုယ်ခန္ဓာသည် ကိုယ်တော်ကိုတမ်းတပါ၏။ ရေမရှိသည့် မြေဆီလွှာသည်ခြောက်သွေ့နွမ်းရိနေ၍၊ ရေကိုတမ်းတသကဲ့သို့ပင်တမ်းတပါ၏။ **(သံပြိုင်)**

**၂။** ။ တပည့်တော်သည်ကိုယ်တော်ကိုသန့်ရှင်းရာဌာနတွင်တွေ့မြင်ခဲ့ရပြီး၊ ကိုယ်တော်၏တန်ခိုးတော်နှင့်ဘုန်းဂုဏ်တော်ကိုဖူးမြင်ခဲ့ရပေပြီ။ကိုယ်တော်၏ချစ်မေတ္တာသည်အသက်ထက်ပင်သာလွန်သောကြောင့်တပည့်တော်၏နှုတ်ခမ်းများသည်ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုချီးမွမ်းပါမည်။ **(သံပြိုင်)**

**၃။** ။ တပည့်တော်သည်အသက်ရှင်သမျှကာလပတ်လုံးကိုယ်တော်ကိုချီးမွမ်းထောမနာပြုပါမည်။ကိုယ်တော်၏နာမတော်၌တပည့်တော်သည်လက်အုပ်ချီပါမည်။ တပည့်တော်၏ဝိညာဉ်သည်ခဲဖွယ်ဘောဇဉ်တို့ကိုစားသုံးရသကဲ့သို့ပြည့်ဝလျက်ရှိမည်ဖြစ်ပြီး၊ တပည့်တော်၏နှုတ်သည်လည်းသီဆိုဧကျူးသောနှုတ်ခမ်းများဖြင့်ကိုယ်တော်ကိုချီးမွမ်းပါမည်။ **(သံပြိုင်)**

**၄။** ။ ကိုယ်တော်သည်တပည့်တော်ကိုကူညီမစသူဖြစ်သောကြောင့်တပည့်တော်သည်ကိုယ်တော်၏အတောင်တော်များအရိပ်ဝယ်သီဆိုဧကျူးပါ၏။ တပည့်တော်သည်ကိုယ်တော်ကိုနီးကပ်စွာတွယ်တာပါ၏။ ကိုယ်တော်၏လက်ရုံးတော်သည် တပည့်တော်ကိုထောက်မတော်မူပါ၏။ **(သံပြိုင်)**

## 2nd READING: *Galatians 3:26-29*

ဂါလားတိယာသြဝါဒစာ ၃း၂၆–၂၉

သင်တို့အားလုံးသည်ယုံကြည်ခြင်းအားဖြင့်ခရစ်တော်ယေရှုး၌ဘုရားသခင်၏ သားသမီးများဖြစ်ကြသည်။ အကြောင်းမူကားခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေရန်ဆေးကြောခြင်းမင်္ဂလာကိုခံယူသူမှန်သမျှသည်ခရစ်တော်ကအဝတ်တန်ဆာသဖွယ်ဝတ်ဆင်ကြရလေပြီ။ ဂျူးနှင့်ဂရိ၊ ကျေးကျွန်နှင့်လွတ်လပ်သူယောကျ်ားနှင့်မိန်းမဟူ၍ခွဲခြားမှုမရှိတော့ပေ။ အကြောင်းမူကားသင်တို့အားလုံးသည်ခရစ်တော်ယေရှုး၌တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။ သင်တို့သည်ခရစ်တော်နှင့်သက်ဆိုင်ကြပါလျှင်အာဘရာဟမ်၏ အမျိုးနွယ်ဖြစ်ကြပြီးကတိတော်ရှိသည့်အတိုင်းဘုရားသခင်၏ အမွေတော်ကခံစားကြရလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 9:18-24*

ရှင်လုကာဧဝံဂေလိကျမ်း ၉း၁၈–၂၄

တစ်နေ့သ၌ကိုယ်တော်သည်တစ်ပါးတည်းဆုတောင်းနေတော်မူစဉ်တပည့်တော်တို့သည်ကိုယ်တော်၏အနားတွင်ရှိကြ၏။ ထိုအခါကိုယ်တော်ကငါမည်သူဖြစ်သည်ဟုလူအစုအဝေးတို့ပြောကြသနည်းဟုတပည့်တော်တို့အားမေးတော်မူ၏။သူတို့ကလည်းအချို့ကယောဟန်ဗတ္တိဇံ၊ အချို့ကဧလိယ၊အချို့ကရှေးပရောဖက်တစ်ပါးအသက်ပြန်ရှင်လာကြောင်းပြောဆိုကြပါသည်ဟုလျှောက်ကြ၏။ ကိုယ်တော်ကလည်းသင်တို့မူကား၊ ငါမည်သူဖြစ်သည်ဟူ၍ဆိုကြသနည်းဟုမေးတော်မူလျှင်စီမုန်ပေတရုကကိုယ်တော်သည်ဘုရားသခင်၏ခရစ်တော်ဖြစ်ပါ၏ဟုလျှောက်လေ၏။ သို့သော်ကိုယ်တော်ကဤအကြောင်းကိုမည်သူအားမျှမပြောရန်တင်းကျပ်စွာတားမြစ်တော်မူ လျက်။ လူသားသည်ဒုက္ခများစွာခံရ၍သက်ကြီးဝါကြီးများ၊ ရဟန်းအကြီးအကဲများနှင့်ကျမ်းတတ်ဆရာများ၏ငြင်းပယ်ခြင်းနှင့်အသေသတ်ခြင်းခံရလိမ့်မည်။ သုံးရက်မြောက်သောနေ့တွင်ရှင်ပြန်ထမြောက်လိမ့်မည်ဟုမိန့်တော်မူ၏။ ထို့နောက်ကိုယ် တော်ကမည်သူမဆိုငါ့နောက်သို့လိုက်လိုလျှင်မိမိကိုယ်ကိုငြင်းပယ်စေ။မိမိလက်ဝါးကပ်တိုင်ကိုလည်းနေ့စဉ်ထမ်းယူ၍ငါ့နောက်သို့လိုက်စေ။ အကြောင်းမူကား၊မိမိအသက်ကိုကယ်ဆယ်လိုသောသူသည်အသက်ဆုံးရှုံးရလိမ့်မည်။ငါ့အတွက်အသက်ဆုံးရှုံးသောသူသည်အသက်ကိုရလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။